# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
## ပစ္စည်းခေါင်းစဉ်ဖြင့် ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

- **အကျုံးဝင်သည့်ဝင်ငွေများ။** ကိုယ်ပိုင်ဖြစ်သည့် မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ ငှားရမ်းခြင်းနှင့် ကိုယ်ပိုင်မဟုတ်သည့် မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ ထပ်ဆင့်ငှားရမ်း ခြင်းမှ ရရှိသည့်ဝင်ငွေများ ပါဝင်သည်။ ငှားရမ်းခ ရငွေကို အခွန်စည်းကြပ်ရန်အတွက် တွက်ချက် ရာတွင် အမှန်ငှားရမ်းခရငွေနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်သည့် ငှားရမ်း ခနှုန်း၊ ယင်းနှစ်ရပ်အနက် များရာငွေကို ငှားရမ်းခရငွေအဖြစ် တွက်ချက်မည်ဖြစ်ပါသည်။
- **ဝင်ငွေတွက်ချက်မှု။** ငှားရမ်းခ ရရှိသည့် ငှားရမ်းခရငွေ စုစုပေါင်းအပေါ် ငှားရမ်းခရရှိသည့် ဝင်ငွေနှစ်အတွက် သတ်မှတ်ပေးထားသည့် ဝင်ငွေခွန်နှုန်းဖြင့် အခွန်စည်းကြပ်ရမည်။

  ဥပမာ - နေအိမ်ကို ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်ငှားရမ်းခြင်းအတွက် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်တွင် အဆိုပါ တစ်နှစ်စာ ငှားရမ်းခရငွေ စုစုပေါင်းအပေါ် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အခွန်နှုန်းဖြင့် အခွန်စည်းကြပ်ပါမည်။
- **အခွန်နှုန်း။**
  - သတ်မှတ်သည့် စုစုပေါင်းငှားရမ်းခရငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ် ပယ်ပြီး ကျန်ငွေအပေါ် ၁၀%ဖြင့် အခွန်တွက်ချက်ပါသည်။

  **ကျသင့်ဝင်ငွေခွန် = [စုစုပေါင်း ငှားရမ်းခရငွေ - အခြေခံသက်သာခွင့်များ] x ၁၀%**

  ဥပမာ -

  ဦးလှသည် နှစ်အတွင်း အိမ်ငှားရမ်းခငွေ တစ်လ ကျပ် ၅ သိန်းဖြင့် တစ်နှစ်ငှားရမ်းခ ကျပ် သိန်း ၆၀ ရရှိသူ ဖြစ်ပါက

| | | (ကျပ်) |
|---|---|---|
| စုစုပေါင်း အိမ်ငှားရမ်းခငွေ | = | ၆,၀၀၀,၀၀၀ |
| အခြေခံသက်သာခွင့်[၆,၀၀၀,၀၀၀ x၂၀%] | = | ၁,၂၀၀,၀၀၀ |

| | | | | |
|---|---|---|---|---|
| အတူနေမိဘအတွက်သက်သာခွင့် | | | | |
| [တစ်ဦး ၁,၀၀၀,၀၀၀ စီ x ၂ ဦး] | = | ၂,၀၀၀,၀၀၀ | | |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = | ၁,၀၀၀,၀၀၀ | | |
| သားသမီး ၂ ဦးအတွက်သက်သာခွင့် | = | ၁,၀၀၀,၀၀၀ | | |
| [တစ်ဦး ၅၀၀,၀၀၀ စီ x ၂ ဦး] | | | | |
| (နုတ်)သက်သာခွင့်စုစုပေါင်း | | | = | ၅,၂၀၀,၀၀၀ |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | | = | ၈၀၀,၀၀၀ |
| ကျသင့်အခွန် = အခွန်စည်းကြပ်ရန် ဝင်ငွေ x ၁၀% | | | = | ၈၀,၀၀၀ |

- ❖ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက စုစုပေါင်း ငွေးရမ်းခရငွေမှ ယင်းငွေရရှိရန် ကုန်ကျသည့်စရိတ်များကို နုတ်ပယ်ပြီး ရရှိသည့် အသားတင် အမြတ်ဝင်ငွေအပေါ် သက်ဆိုင်ရာနှစ်၏ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အဆိုပါ အဖွဲ့ အစည်းများအတွက် သီးခြားသတ်မှတ်ပေးထားသည့် အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။
- ❖ သေးစိတ်သိရှိလိုပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှု ရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၄၃၀၅၃၃ ၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၃၀၁၉၂ သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာ**

**န**